Digital Money Myanmar Ltd.
No.84, 7th Floor, Uni Team Marine Building,
Pann Hlaing Street, Sanchaung Township,
Yangon, Myanmar.
Tel: +951 860 5200, 860 5219
Fax: +951 860 5211

**မြန်မာနိုင်ငံရဲ့ မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုကို ပြောင်းလဲရန်အတွက် Wave Money ရောက်လာပါပြီ**

- *Wave Money သည် မြန်မာ့ဗဟိုဘဏ်ရဲ့မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်း မှတ်ပုံတင်လက်မှတ်ကို ပထမဆုံးရရှိထားသော ကုမ္ပဏီဖြစ်သည်။*
- *Wave Money ကို မြန်မာနိုင်ငံ၏မြို့နယ်ပေါင်း (၁၆၇) တွင် ကိုယ်စားလှယ်ပေါင်း (၄၇၇၇)ထားရှိပြီး အောင်မြင်စွာ မိတ်ဆက်ပေးနိုင်ခဲ့သည်။*
- *မြန်မာနိုင်ငံသားအားလုံး Wave Money ကိုအသုံးပြုပြီး စိတ်ချယုံကြည်ရပြီး အဆင်ပြေပြေပြုလုပ်နိုင်တဲ့ ငွေကြေးဆိုင်ရာ လုပ်ဆောင်ချက်များကို ပြုလုပ်နိုင်မှာ ဖြစ်ပါသည်။*

ရန်ကုန်မြို့၊ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ၊ ၉ ရက်နေ့ - Wave Money ကို မြန်မာနိုင်ငံ၏ မြို့နယ်ပေါင်း (၁၆၇) တွင် ကိုယ်စားလှယ်ပေါင်း (၄၇၇၇)ထားရှိပြီး အောင်မြင်စွာ မိတ်ဆက်ပေးနိုင်ခဲ့သည်။
Wave Money သည် မြန်မာ့ဗဟိုဘဏ်ရဲ့ ပထမဆုံး မိုဘိုင်းငွေရေးကြေးဝန်ဆောင်မှုလုပ်ငန်း မှတ်ပုံတင်လက်မှတ်ကို ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ၊ (၃) ရက်နေ့တွင် ရ ရှိခဲ့သည်။

"မြန်မာ့ဗဟိုဘဏ်ကနေ ငွေကြေးလုပ်ငန်းတွေအတွက် အထောက်အပံ့ဖြစ်စေတဲ့ ငွေကြေးဆိုင်ရာ လုပ်ဆောင်ချက်ကဏ္ဍတွေ ပိုပြီးအားကောင်းလာစေဖို့ ရည်ရွယ်ချက်နဲ့ မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှု စည်းကမ်းသတ်မှတ်ချက်များကို ထုတ်ပြန်ခဲ့ပါတယ်။ ဒီစည်းကမ်းသတ် မှတ်ချက်တွေကို အစိုးရက ချမှတ်ထားတဲ့ ဆင်းရဲမွဲတေမှုလျှော့ချရေးမူဝါဒနဲ့ ကိုက်ညီအောင် ထုတ်ပြန်ထားတာဖြစ်ပါတယ်။ ကျွန်မတို့ရဲ့ ရည်ရွယ်ချက်ကတော့ လုပ်ငန်းရှင်များနဲ ပူးပေါင်းပြီး ပိုမိုကောင်းမွန်တဲ့ ငွေကြေး လုပ်ငန်းတွေ လုပ်ဆောင်နိုင်ဖို့ပဲဖြစ်ပါတယ်။ ကျွန်မတို့အနေနဲ့ Wave Money ကို ပထမဆုံးအဖြစ် မြန်မာ့ဗဟိုဘဏ်ရဲ့ မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်း မှတ်ပုံတင်လက်မှတ်ပေးအပ်ခွင့်ရလို့ ဂုဏ်ယူဝမ်းမြောက်မိပါတယ်" ဟု မြန်မာ့ဗဟိုဘဏ်ရဲ့ Deputy Governor ဖြစ်သူ ဒေါ်ခင်စောဦးမှပြောကြားခဲ့ပါသည်။

မြန်မာနိုင်ငံမှာ လူဦးရေ ၂၀% သာ ဘဏ်ဝန်ဆောင်မှုကို ရရှိတာဖြစ်ပါတယ်။ Wave Money ရဲ့ အဓိက ရည်ရွယ်ချက်မှာ ငွေကြေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ရင်း မြန်မာနိုင်ငံရဲ့စီးပွားရေးလုပ်ငန်းများနှင့် လူမှုရေးလုပ်ငန်းများ မှာ အကျိုးအမြတ်များ ရရှိစေနိုင်ရန် ဖြစ်သည်။

"ငွေကြေးလုပ်ငန်းများက ဆင်းရဲမွဲတေမှုများကိုလျှော့ချနိုင်ဖို့အတွက် လူတစ်ဦးချင်းကို ဝင်ငွေစီမံခန့်ခွဲဖို့နဲ့ များပြားတဲ့ငွေစာရင်း ပေးချေမှုတွေကို စီမံခန့်ခွဲနိုင်ဖို့အတွက် အကူအညီပေးနိုင်မှာဖြစ်ပါတယ်။ ဒါ့အပြင် ဆင်းရဲမွဲတေမှုကိုလျှော့ချနိုင်ပြီး စီးပွားရေး၊ ကျန်းမာရေးများလုပ်ငန်း တွေမှာပါ ပြန်လည် ကယ်ဆယ်နိုင်ဖို့ကိုလည်း ကူညီပေးမှာပါ။ Wave Money က ဘဏ်ဝန်ဆောင်မှုကို မရရှိသေးတဲ့ မြန်မာနိုင်ငံသားများအတွက် ငွေကြေးဝန်ဆောင်မှုများ ပေးစွမ်းနိုင်ဖို့ ကြိုးပမ်းသွား မှာပါ" ဟု Wave Money ၏ CEO ဖြစ်သူ Brad Jones မှ ပြောကြားသွားခဲ့ပါသည်။

Digital Money Myanmar Ltd.
No.84, 7th Floor, Uni Team Marine Building,
Pann Hlaing Street, Sanchaung Township,
Yangon, Myanmar.
Tel: +951 860 5200, 860 5219
Fax: +951 860 5211

ဆက်လက်ပြီး "ကျွန်တော်တို့အနေနဲ့ ငွေရေးကြေးရေးပါဝင်နိုင်ရေးရဲ့အခန်းကဏ္ဍတစ်ခုအဖြစ် ရပ်တည်နေပြီး လူမှုနယ်ပယ်ကိုကောင်းမွန်တဲ့ အသစ်သစ်တွေ သယ်ဆောင်လာပေးနိုင်မယ်လို့ မျှော်လင့်ပါတယ်။ Wave Money အနေနဲ့ အစိုးရရဲ့ စီမံကိန်းများအရ မိုဘိုင်းငွေရေးကြေးရေး လုပ်ငန်းကို တိုးမြှင့်ပေးနိုင်မယ်လို့ အခိုင်အမာယုံကြည်ပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံအစိုးရရဲ့ ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်ကို အကောင်အထည်ဖော်နိုင်ရန်အတွက်လည်း ကူညီသွားနိုင်မယ်လို့ယုံကြည်ပါတယ်" ဟု ပြောကြားခဲ့ပါသည်။

Wave Money က ကျယ်ပြန့်တဲ့တယ်လီနောကွန်ရက်ဖြန့်ချိမှုနဲ့အတူ နေရာအများစုမှာ များပြားတဲ့ ကိုယ်စားလှယ်များထားရှိပြီး သုံးစွဲသူများထံ ဝန်ဆောင်မှုများပေးအပ်လျက်ရှိပါသည်။ Wave Money သုံးစွဲသူများအနေနဲ့ အချိန်ကုန်ခြင်းမရှိဘဲ၊ ငွေကုန်ကြေးကျသက်သာတဲ့ မိုဘိုင်းငွေကြေး ဝန်ဆောင်မှုကို အဆင်ပြေပြေသုံးစွဲနေကြပြီ ဖြစ်သည်။

Wave Money ရဲ့ ပုံမှန်သုံးစွဲသူတစ်ယောက်ဖြစ်တဲ့ မြောက်ဒဂုံမြို့နယ်တွင်နေထိုင်သော နေ့စားအလုပ်သမားတစ်ဦးရဲ့ ဇနီးဖြစ်သူ မမြဥ္စူ မှ " Wave Money က ကျွန်မတို့လို တစ်ပတ်မှာ အနည်းဆုံး သုံးခါလောက် ပိုက်ဆံထုတ်ဖို့လိုအပ်တဲ့သူတွေအတွက် စနေ၊တနင်္ဂနွေ ရုံးပိတ်ရက်တွေမှာပါ ပိုက်ဆံထုတ်နိုင်တော့ အရမ်းအဆင်ပြေပါတယ်။ ကျွန်မအမျိုးသားက မြစ်ကြီးနားမှာ အလုပ်လုပ်နေတာလေ။ အခုဆိုရင် Wave အကောင့်ကို သုံးပြီး လွယ်လွယ်ကူကူ ငွေလွှဲနိုင်တော့ ကျွန်မငွေလိုတိုင်း လွှဲပေးနိုင်တာပေါ့။ Wave Money က ကျွန်မရဲ့ဘဝကို ပိုမိုလွယ်ကူအဆင်ပြေစေပါတယ်" ဟု ပြောကြားခဲ့ပါသည်။

ယခုအခါမှာ Wave Money နဲ့ ငွေလွှဲနိုင်ရုံသာမက ဖုန်းဘေလ်ပါဖြည့်နိုင်ပြီဖြစ်ပါသည်။ ဆက်လက်ပြီး ငွေပေးချေမှုများ၊ ငွေစုခြင်း၊ ငွေချေးခြင်းစတဲ့ ငွေကြေးလုပ်ငန်းများကို ဘဏ်များ၊ အသေးစား ငွေကြေးလုပ်ငန်းများနှင့် ပူးပေါင်းလုပ်ဆောင်သွားမှာ ဖြစ်ပါသည်။

**Wave Money အကြောင်းမိတ်ဆက်**

Wave Money မှသုံးစွဲသူများကို နိုင်ငံတစ်ဝန်းတွင် Wave ဆိုင်ပေါင်း (၄၀၀၀)ထားရှိပြီး နီးစပ်ရာ Wave ဆိုင်မှ ငွေလွှဲဝန်ဆောင်မှုပေးဆောင်ခြင်းသာမက မိုဘိုင်းဖုန်းမှ Wave အကောင့်ကို အသုံးပြုပြီး ငွေလွှဲဝန်ဆောင်မှုများ ပေးစွမ်းလျက်ရှိပါသည်။

- Wave Money အကြောင်းပိုမိုသိရှိလိုပါက Wave Money ရဲ့ official Facebook page ဖြစ်သော (https://www.facebook.com/WaveMoney) သို့မဟုတ် website ဖြစ်သော (www.wavemoney.com.mm) တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**အမြင့်မားဆုံး ဘဏ်လုံခြုံရေး စနစ်များ**

သုံးစွဲသူများရဲ့ အချက်အလက်များကို ကာကွယ်နိုင်ရန်အတွက် Wave Money ရဲ့ လုပ်ဆောင်ချက်များကို အမြင့်မားဆုံးဘဏ်လုံခြုံရေးစနစ်များ၊ မြင့်မားသော အတွေ့အကြုံများနှင့် အကောင်းဆုံးအချက်အလက် လုံခြုံရေးစနစ်များဖြင့် ထိန်းချုပ်သိမ်းဆည်းထားပါသည်။ သုံးစွဲသူများရဲ့အခက်အခဲများကို ဖြေရှင်းပေးနိုင်ရန် Wave Moneyရဲ့ customer service center များမှ (၂၄)နာရီ၊ (၇) ရက်ပတ်လုံး ဝန်ဆောင်မှုပေးလျက်ရှိပါသည်။

**အသေးစိတ်မေးမြန်းလိုပါက ဆက်သွယ်ရန်-**

Ms.  Khin Nu Yin Myint
Head of PR & Media
Wave Money
nuyin.myint@wavemoney.com.mm
(95) 9 79 100 9061

Mr. Soe Thant Sin @ Alex
Public Relations Manager
Havas Riverorchid Media for Wave Money
soe.thantsin@havas-ro.com
(95) 9  975 171 578